ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၇ – ၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်
# ချင်းပြည်နယ်၏
# နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

၂၀၁၇ – ၂၀၁၈ ခု ၊ ဘဏ္ဍာရေးနှစ်

ချင်းပြည်နယ်၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

( ၂၀၁၇ ခုနှစ်၊ ချင်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၅ ။ )

၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်

( ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက် )

ချင်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့်အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၇ – ၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၇–၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

## အခန်း(၂)

## နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများ၊ ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် စပ်လျဉ်း၍ ဇယား (၁)၊(၂)နှင့် (၃) တို့တွင် ခွင့်ပြုထားသောသုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့် ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာသုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၇ ခုနှစ်၊ ချင်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ် သုံးစွဲခြင်း ဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့်သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၇ ခုနှစ်၊ ချင်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊အမိန့်ကြော်ငြာစာများ၊အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဆလိုင်းလျန်လွှယ်
ဝန်ကြီးချုပ်
ချင်းပြည်နယ်အစိုးရအဖွဲ့

# ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၇ ခုနှစ် ချင်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၀. ၀၀၀ | | | ၁၄၈၄. ၀၀၄ | | | | ၁၄၉၄. ၀၀၄ |
| ၂ | ၂ | ပြည်နယ်လွှတ်တော် | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၅၁. ၆၆၃ | | | ၆၆. ၇၅၀ | | | | ၁၁၈. ၄၁၃ |
| ၃ | ၃ | ပြည်နယ်တရားလွှတ်တော် | ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | ၃. ၁၈၄ | | | | | | | ၃. ၁၈၄ |
| ၄ | ၄ | ပြည်နယ်ဥပဒေချုပ် | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ကတာဝန်ပေးသူ | | | | ၂၅. ၀၀၀ | | | | ၂၅. ၀၀၀ |
| ၅ | ၅ | ပြည်နယ်စာရင်းစစ်ချုပ် | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်ကတာဝန်ပေးသူ | ၃. ၅၀၀ | | | | | | | ၃. ၅၀၀ |
| | | ပေါင်း | | ၆၈. ၃၄၇ | | | ၁၅၇၅. ၇၅၄ | | | | ၁၆၄၄. ၁၀၁ |

# ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | ၂၀၁၇ ခုနှစ် ချင်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | |
| | | | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | ၁ | | ပြည်ထဲရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | ၁၅၁. ၃၅၆ | | | ၄၉၀. ၃၈၄ | | | | ၆၄၁. ၇၄၀ |
| | ၁ | | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၃၃. ၅၇၆ | | | ၄၉၀. ၃၈၄ | | | | ၆၂၃. ၉၆၀ |
| | ၂ | | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၁၇. ၇၈၀ | | | | | | | ၁၇. ၇၈၀ |
| ၂ | | ၂ | | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း | ၎င်း | ၄. ၄၀၁ | | | | | | | ၄. ၄၀၁ |
| | ၁ | | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၄. ၄၀၁ | | | | | | | ၄. ၄၀၁ |
| ၃ | | ၄ | | ကျန်းမာရေးနှင့်အားကစား | ၎င်း | ၂၆. ၂၀၀ | | | ၁၇. ၀၀၀ | | | | ၄၃. ၂၀၀ |
| | ၁ | | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၂၆. ၂၀၀ | | | ၁၇. ၀၀၀ | | | | ၄၃. ၂၀၀ |
| ၄ | | ၅ | | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၎င်း | | | | ၂၀. ၉၃၅ | | | | ၂၀. ၉၃၅ |
| | ၁ | | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | | ၂၀. ၉၃၅ | | | | ၂၀. ၉၃၅ |
| ၅ | | ၆ | | ဆောက်လုပ်ရေး | ၎င်း | ၀. ၅၉၁ | | | ၁၀၄၅၇. ၀၀၄ | | | | ၁၀၄၅၇. ၅၉၅ |
| | ၁ | | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၀. ၅၉၁ | | | | | | | ၀. ၅၉၁ |
| | ၂ | | ၂ | လမ်းဦးစီးဌာန် | | | | | ၁၀၄၅၇. ၀၀၄ | | | | ၁၀၄၅၇. ၀၀၄ |
| ၆ | | ၇ | | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | ၁၁၆. ၅၆၈ | | | ၁၃၉၃. ၁၈၁ | | | | ၁၅၀၉. ၇၄၉ |
| | | | | ပေါင်း | | ၂၉၉. ၁၁၆ | | | ၁၂၃၇၉. ၅၀၄ | | | | ၁၂၆၇၈. ၆၂၀ |

## ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၄

(ကျပ်သန်းပေါင်း

| အမှတ်စဉ် | | ၂၀၁၇ ခုနှစ် ချင်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | |
| | | | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | ၁ | | လျှပ်စစ်နှင့်စွမ်းအင် | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | | | | ၄၆၁. ၇၅၅ | | | | ၄၆၁. ၇၅ |
| | ၁ | | ၁ | လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | | ၄၆၁. ၇၅၅ | | | | ၄၆၁. ၇၅ |
| | | | | ပေါင်း | | | | | ၄၆၁. ၇၅၅ | | | | ၄၆၁. ၇၅ |